## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့
## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်များအသုံးပြုရန်
## Telematics စနစ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သွားလာလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များသွားလာနေမှုအား Command Centre မှ ထိန်းချုပ်သည့်စနစ် (Telematics) စနစ်ကို အသုံးပြုမည်ဖြစ်ရာ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်ပုဂ္ဂလိက ကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင်အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာဖော်ပြပါဝင်ရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ

( ခ ) ကုမ္ပဏီ Profile

( ဂ ) အသုံးပြုမည့် Telematics စနစ်၏နိုင်ငံတကာဝန်ဆောင်မှုအတွေ့အကြုံ (အနည်းဆုံး ၅ နှစ် နှင့်အထက်)

(ဃ) အာဆီယံနိုင်ငံများတွင် ဝန်ဆောင်မှုပေးထားခြင်းရှိ/မရှိ

( င ) အသုံးပြုမည့် Telematics စနစ်၏ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်

( စ ) မြန်မာနိုင်ငံအတွင်း စမ်းသပ်ထားသော နမူနာမှတ်တမ်းများ

(ဆ) အသုံးပြုမည့်ပစ္စည်းနမူနာ

( ဇ ) စနစ်၏လုပ်ဆောင်မှုအသေးစိတ် (မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့်)

( ဈ ) ရွေးချယ်ခံရသည့် ကုမ္ပဏီအနေဖြင့် လျင်မြန်စွာစတင်နိုင်ခြင်း ရှိ/မရှိ နှင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်သောကာလ၊ အချိန်ဇယား

(ည) အလုံးစုံပါဝင်မည့်ဝန်ဆောင်မှုအဆိုပြုပုံစံ

( ဋ ) ကုမ္ပဏီမှတပ်ဆင်သုံးစွဲမည့် ကိရိယာ(Devices)များ၏ထုတ်လုပ်သည့် မူရင်းနိုင်ငံ(Country of Origin)

( ဌ ) ဈေးနှုန်းအဆိုပြုလွှာ (မြန်မာကျပ်ငွေဖြင့်)

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်၊ စီလမ်းဆုံသို့ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ( ၆ )ရက်နေ့ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၂၅၀၉၀၂၀၀၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ